# ကျောင်းကျန်းမာရေး
# ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့်
# အစားအစာများ
# အန္တရာယ်ကင်းဝေးရေးလုပ်ငန်း

(က) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း

(ခ) သန်ချဆေးတိုက်ကျွေးခြင်း

(ဂ) သံဓာတ်ဆေးပြား တိုက်ကျွေးခြင်း

(ဃ) အာဟာရပညာပေးခြင်းနှင့်

(င) ကျောင်းတွင်း အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း

# ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

## ရည်မှန်းချက်

- နေ့စဉ် ပုံမှန် ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးရန်။

- ကျောင်းသား/ ကျောင်းသူများ၏ ကျန်းမာကြီးထွားမှုကို ထိခိုက်စေသော သန်ကောင်ရောဂါ ကာကွယ်ရေးဆောင်ရွက်ရန်။

- အထက်အဆင့်သို့ ဆက်လက်ညွှန်းပို့ရန်လိုအပ်သော ကျောင်းသား/ ကျောင်းသူများကို ဆက်လက် ညွှန်းပို့၍ လိုအပ်သည့်ကုသမှုများ ရရှိစေရန်။

- ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေးလေ့လာအကဲဖြတ်ခြင်း
- ကျန်းမာရေးနှင့်ပတ်သက်သော အထွေထွေလက္ခဏာများ
- ကျောင်းသားလူငယ်အရွယ်များတွင် ဖြစ်ပွားတွေ့ရှိလေ့ရှိသော ရောဂါများ
- ဆရာ၊ ဆရာမများ လက်တွေ့ဆောင်ရွက်ရမည့် ကျန်းမာမှုအခြေခံလုပ်ငန်းများ
- ကျောင်းဆေးခန်းများထူထောင်ရေး

# ကျောင်းဝင်စရေးဦးစွာ ဆောင်ရွက်ရမည့်
# အခြေခံကျန်းမာရေးစစ်ဆေးမှုများ

၁။ မျက်စိစစ်ဆေးခြင်း။

၂။ နားကြားမှုစစ်ဆေးခြင်း။

၃။ သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးခြင်း။

၄။ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှုကိုစစ်ဆေးခြင်း။

# ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှ ပြည်သူအတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း

ရည်မှန်းချက်

မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ပြည်သူများ၏ ပံ့ပိုးပါဝင်မှုဖြင့် ကျောင်းများကို ကျန်းမာရေးနှင့်ပြည့်စုံသောအဖွဲ့အစည်းတစ်ခု ဖြစ်ထွန်းလာစေရန်။

ကျောင်းများမှတဆင့် မိသားစုနှင့် ပြည်သူများအတွင်းသို့ ကျောင်းနှင့်ကျောင်းပြင်ပ ဆယ်ကျော်သက်လူငယ်လူရွယ်များ၏ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများရောက်ရှိပြီး ၎င်းတို့မှ တက်ကြွစွာ ပူးပေါင်းလာစေရန်။

# နည်းလမ်းများ

၁။ မိဘဆရာအသင်း အလုပ်အမှုဆောင်အစည်းအဝေးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အစည်းအဝေးများ၌ ကျောင်းကျန်းမာရေးလုပ်ငန်း၏အခြေအနေနှင့် ရှေ့လုပ်ငန်းလျာထားချက်များကို မိဘအုပ်ထိန်းသူများနှင့် ရပ်မိရပ်ဖများကိုယ်တိုင် သဘောပေါက်နားလည်လက်ခံပြီး ပူးပေါင်းပါဝင်လာအောင် ဆွေးနွေးပြောကြားခြင်း၊

၂။ ကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ကျောင်းတွင်းလှုပ်ရှားမှုများ (ဥပမာ - ကျောင်းကျန်းမာရေးသီတင်းပတ်) ပြုလုပ်တိုင်း မိဘအုပ်ထိန်းသူများကိုပါ ဖိတ်ခေါ်ပြသခြင်း၊

၃။ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေးခြင်း တို့ ပြုလုပ်ရာတွင် မိဘများကိုပါတွေ့မြင်သိရှိပြီး ကျန်းမာရေးဗဟုသုတရရှိလာစေရန် ပူးပေါင်း စီစဉ်ခြင်းနှင့် ဖိတ်ခေါ်ပြသခြင်း။

# နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း ရည်မှန်းချက်များ

ကျောင်းသားလူငယ်များ၏ စိတ်ကျန်းမာရေးနှင့် ပတ်သက်သည့် ကျန်းမာရေးပြဿနာများကို ထိရောက်စွာ နှစ်သိမ့်ပညာပေး ဆွေးနွေးရန်၊ လူမှုရေးပြဿနာများရှိပါကလည်း ပံ့ပိုးကူညီရန်။

# နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း

နှစ်သိမ့်ဆွေးနွေးအကြံပေးသူ၏ အခန်းကဏ္ဍမှာ နှစ်သိမ့်ဆွေးနွေးအကြံပေးမှုကို ရယူသူ ကျောင်းသား/ ကျောင်းသူအား အကူအညီပေးရန်ဖြစ်သည်။ နောက်ဆုံး ဆုံးဖြတ်ချက်ချခြင်းမှာ နှစ်သိမ့်ဆွေးနွေးပညာပေးသူမှ ဆုံးဖြတ်ရန်မဟုတ်ဘဲ ကျောင်းသား/ ကျောင်းသူကိုယ်တိုင် ဆုံးဖြတ်ခြင်းဖြစ်ပါသည်။

ကျောင်းသားကျောင်းသူများ၏ စိတ်ခံစားမှုများတွင်ကျန်းမာရေးကိစ္စရပ်အသီးသီးနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ၊ ကြောက်ရွံ့မှုများ၊ သဘောထားများ နှင့် တန်ဘိုးထားမှုများ ပါဝင်ပါသည်။ နှစ်သိမ့်ဆွေးနွေးပေးသူက တိကျမှန်ကန်သော ကျန်းမာရေးဆိုင်ရာ အချက်အလက်များပေးရန် ဖြစ်ပါသည်။

# ထိရောက်သော နှစ်သိမ့်ဆွေးနွေးပညာပေးမှုဖြစ်စေရန် လုပ်ငန်းအဆင့် (၆)ရပ်

- နှုတ်ဆက်ခြင်း၊
- သာကြောင်း၊ မာကြောင်းနှင့် နေရေးထိုင်ရေး မေးမြန်းခြင်း
- လာရောက်သည့်အကြောင်းနှင့် လုပ်ဆောင်ပေးနိုင်သည်များကို ကျောင်းသား/ ကျောင်းသူအား ပြောပြခြင်း
- ပြဿနာကို နားလည်ရန် အကူအညီပေးခြင်း
- ကိုယ်တိုင်ဆုံးဖြတ်ချက်ချရန် (သို့မဟုတ်) ဖြေရှင်းရန် လိုအပ်သောအချက်အလက်များ အပြည့်အစုံသိရှိစေရန် ရှင်းပြခြင်း
- အခြေအနေကို သိရှိရန်နှင့် ပြဿနာ ရှိ/မရှိ သို့မဟုတ် ပံ့ပိုးမှုလို၊ မလို ကျောင်းသားထံ ပြန်လည်သွားရောက်ကြည့်ရှုခြင်း။

# လူမှုရေးပံ့ပိုးမှုလုပ်ငန်း

"ဆက်သွယ်၊ အားကိုး၊ ကြင်နာ၊ နားလည်၊ ကူညီ၊ ဖြေရှင်း၊ ကောင်းဆဲလင်း"(Counselling)ဆိုသည့်အတိုင်း နှစ်သိမ့်ဆွေးနွေး ပညာပေးလုပ်ငန်းတွင် လူမှုရေးပံ့ပိုးမှုလုပ်ငန်းပါ ပါဝင်ပြီးဖြစ်ပါသည်။ မိဘဆရာ၊ ကျောင်းသားများ ပူးပေါင်း၍ ကာယကံရှင်များအတွက် လိုအပ်သော လူမှုရေးပံ့ပိုးမှုလုပ်ငန်းများကို ညှိနှိုင်း ကူညီပေးရန် ဖြစ်ပါသည်။

# သင်တန်းနှင့် သုတေသနလုပ်ငန်း
# ရည်မှန်းချက်များ

-မြို့နယ်တိုင်းတွင်တစ်နှစ်လျှင်တစ်ကြိမ်မြို့နယ်ကျောင်းကျန်းမာရေး သင်တန်းနှင့် ကျောင်းအဆင့် ကျောင်းကျန်းမာရေးဆင့်ပွား သင်တန်းများကို သင်တန်းပေးရန်။

-ကျောင်းသားလူငယ်များအတွင်း အန္တရာယ်ရှိသော ကျန်းမာရေး အပြုအမူများဆိုင်ရာ သုတေသန လုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ရန်။

(၁)	မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသင်တန်းအား ကျောင်းမိသားစုအလိုက် စုရပ် (၄) ရပ်ခွဲ ၍ ကျောင်းအုပ်များအားဆွေးနွေးပို့ချရန်။

(၂)	ကျောင်းအဆင့်ကျောင်းကျန်းမာရေးဆင့်ပွားသင်တန်းများကို သင်တန်းဆင်း ကျောင်းအုပ်ကြီး များက ကျောင်းရှိ ဆရာ၊ ဆရာမများနှင့် မိမိတို့သင်တန်းမှရေးဆွဲလာသော ကျောင်းကျန်းမာရေး တစ်နှစ်တာဆောင်ရွက်မည့်လုပ်ငန်းများအား နှစ်စဉ်တစ်ကြိမ်ကျ ထက်၊ လယ်၊ မူကျောင်း အားလုံး တွင် ရှင်းလင်းဆွေးနွေးရန်။

(၃)	ဆရာအတတ်သင်သိပ္ပံကျောင်းရှိသောမြို့နယ်များတွင် ကျောင်းကျန်းမာရေးနည်းပြ ဆင့်ပွား သင်တန်းများကို နှစ်စဉ်ပို့ချပေးရန်။

(၄)	သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ မိမိမြို့နယ်တွင်ဆောင်ရွက်နိုင်မည့် အောက်ပါလုပ်ငန်း များကိုဆောင်ရွက်ရပါမည်။

- အရပ်အမောင်းနှင့် ခန္ဓာကိုယ်အလေးချိန်စစ်တမ်းပြုစုခြင်း။

- ကျောင်းကျန်းမာရေးဌာနခွဲမှ အခါအားလျော်စွာဆောင်ရွက်သည့် ကမ္ဘာလုံးဆိုင်ရာ ကျောင်းသားအခြေပြု ကျောင်းကျန်းမာရေးစစ်တမ်းနှင့် အခြားသုတေသနလုပ်ငန်းများအား ဆောင်ရွက်ခြင်း။

# ကာယပညာနှင့်အားကစားလုပ်ငန်း

## ရည်မှန်းချက်များ

ရေရှည်အကျိုးသက်ရောက်မှုအနေဖြင့် မကူးစက်သောနာတာရှည်ရောဂါများကိုကာကွယ်ရန်နှင့်ကျောင်းသားကျောင်းသူများတွင် အားကစားနှင့်ကာယပညာလှုပ်ရှားမှုအလေ့အကျင့် ရှိစွဲမြဲသွားစေရန်

# အားကစားနှင့်ကာယပညာ၏ အကျိုးကျေးဇူးများ

- ရိုးသားဖြောင့်မတ်တည်ကြည်မှု
- အသင်းလိုက်ဆောင်ရွက်မှု
- တရားမျှတမှု
- မိမိကိုယ်ကို လေးစားမှုနှင့် အခြားသူများအပေါ် လေးစားမှု
- စည်းကမ်းလိုက်နာမှု

ကျေးဇူးတင်ပါတယ်။